2024-09-19

## အသစ်သော လုံခြုံရေး အခန်းကဏ္ဍများအား မိတ်ဆက်ပေးခြင်းအားဖြင့် မူလတန်းကျောင်း လုံခြုံရေးအား တိုးမြှင့်လိုက်သည့် DCSD

Ronald E. McNair အထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦးဖြစ်သည့် Dyemond Dupree သည် မားယွင်းသော လူစုဖြင့် ပေါင်းဖော်မိကြောင်း သူမကိုယ်တိုင် သိရှိလာခဲ့ရသည်။ ကံကောင်းထောက်မစွာဖြင့်ပင် စာသင်ကျောင်း အရင်းအမြစ်ဆိုင်ရာ အရာရှိ (*SRO*) တစ်ဦးသည် သူမ၏ အလားအလာကို သတိပြုမိသဖြင့် သူမအား ပိုမိုအပြုသဘောဆောင်သော လမ်းကြောင်းတစ်ခုပေါ်သို့ ပဲ့ပြင်တွန်းတင်ပေးရန်ဂှာ တန်ဖိုးမဖြတ်နိုင်သော လမ်းညွှန်မှုများကို သူမထံ ပေးအပ်ခဲ့သည်။

Dyemond သည် အောင်မြင်စွာဖြင့်ပင် ဤပြောင်းလဲမှုကို လုပ်ဆောင်နိုင်ခဲ့ပြီး၊ ယခုအခါ သူမသည် မူလတန်း လုံခြုံရေးဆိုင်ရာ တွဲဖက်တာဝန်ရှိသူ (*ESA*) တစ်ဦးဖြစ်သည့် သူမ၏ ရာထူးကဏ္ဍနှင့်အညီ မူလတန်းကျောင်းသားများအပေါ် အလားတူ သက်ရောက်မှုတစ်ခု ဖန်တီးပြုလုပ်ပေးနိုင်ရန် စိတ်လှုံ့ဆော်ခွန်အားပေးလျက် ရှိပါသည်။

ESA ရာထူးကဏ္ဍသည် စင်စစ် 2024-25 ကျောင်းပညာသင်နှစ်အတွက်ဂှာ DCSD အထူးကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton ၏ ရူပါရုံမျှော်မှန်းချက်တစ်ခု ဖြစ်သည်။ ၎င်း၏ ရိုးရှင်းသော ရည်မှန်းချက်မှာ ခရိုင်၏ မူလတန်းကျောင်း 79 ကျောင်းစလုံးတွင် လုံခြုံရေးဆိုင်ရာ အားထုတ်မှုများအား မြှင့်တင်ဆောင်ရွက်နိုင်စေရန် ဖြစ်သည်။ ပညာရေးဘုတ်အဖွဲ့၏ ပံ့ပိုးထောက်ပံ့မှုနှင့်အတူ အသစ်သော ESA များသည် ကျောင်းပရဝုဏ်နယ်မြေအတွင်း လှုပ်ရှားဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုခြင်း နှင့် ဝန်ထမ်းများနှင့် ကျောင်းသားများတို့အား အကာအကွယ်ပေးနိုင်ရန် လိုအပ်သော ကြိုတင်ကာကွယ်ပြင်ဆင်မှုများအား စီမံခန့်ခွဲပေးခြင်း အစရှိသည်တို့အားဖြင့် ကျောင်းနှင့်ပါဝင်သက်ဆိုင်သူများ၏ ပြေပြစ်သော ကူးလူးလှုပ်ရှားမှုများကို သေချာစေရန်၊ ထို့ပြင် လုံခြုံသော သင်ယူလေ့လာမှု ပတ်ဝန်းကျင်များအား ရရှိကြောင်း ပိုမိုသေချာအောင် ဆောင်ရွက်ရန် တာဝန်ယူကြရမည် ဖြစ်သည်။

ယခုအချိန်ထိမှ ESA ရာထူးကဏ္ဍ 37 နေရာခန့်အား တာဝန်ခန့်အပ်ထားပြီး ဖြစ်ပြီး၊ နောက်ထပ်သောသူများအား ထရိန်နင်သင်တန်း ပေးအပ်လျက်ရှိသည်။ DCSD ၏ ကျောင်းပရဝုဏ်ဆိုင်ရာ ခေါင်းဆောင် ကြီးကြပ်ရေးမှူးဖြစ်သည့် Glenn Jefferson သည် ESA ရာထူးကဏ္ဍများ ကနဦး စတင်မှုနှင့်ပတ်သက်၍ အမှန်တကယ်ပင် အံ့သြမှင်သက်ခဲ့ရသည်။

"ဒီအစီအစဉ်ကို နေရာချစီစဉ်ချိန်က ဘာကို မျှော်လင့်ထားရမယ်မှန်း ကျွန်တော် မသိခဲ့ဘူး။ ကျွန်တော် ထင်ထားတာထက်ပိုပြီး ဒီလို ရာထူးနေရာတစ်ခုကို လျှောက်ထားသူတွေ ပိုမိုများပြားတာကို တွေ့ ရှိခဲ့ရတယ်၊" ဟု အရာရှိ Jefferson မှ ပြောကြားခဲ့သည်။ "ဒီရာထူးကို လျှောက်ထားသူတွေထဲက တော်တော်များများဟာဆိုရင် ယခုအခါ ခရိုင်အတွက် တာဝန်ထမ်းဆောင်နေကြပါပြီ။ ဒီတော့ ကျွန်တော်တို့ဟာ အမြောက်အများ တုံ့ပြန်မှုကို ရရှိခဲ့ပါတယ်။"

DCSD စာသင်ကျောင်း အရင်းအမြစ်ဆိုင်ရာ အရာရှိ (*SRO*) များသည် မူလတန်းစာသင်ကျောင်းများ အပါအဝင် စာသင်ကျောင်းအားလုံးအား လှည့်ပတ်စစ်ဆေးလျက် တာဝန်ထမ်းဆောင်နေကြပြီ ဖြစ်သည်။ သို့သော်လည်း စာသင်ကျောင်းလုံခြုံရေးအား ပိုမိုတိုးတက်စေရန် ရှင်းလင်းစွာ ခွဲအပ်ရရှိထားသော ပြည်နယ် ရန်ပုံငွေကြောင့်ဂှာ ခရိုင်သည် ကျောင်းတစ်နေ့တာတစ်လျှောက် မူလတန်းကျောင်းသားများအတွက် ထပ်ဆောင်း ကြီးကြပ်စောင့်ရှောက်မှုကို ထောက်ပံ့ပေးရန်ဂှာ ဤအသစ်သော ရာထူးနေရာများကို ဖန်တီးနိုင်ခဲ့ခြင်း ဖြစ်သည်။

"ဒီအရာက တကယ်တော့ ကျွန်တော်တို့ နှစ်ပေါင်းများစွာ စဉ်းစားလာခဲ့တဲ့ အရာတစ်ခုပါ၊ ပြီးတော့ ဒီလို တရားဝင်ဖြစ်မြောက်လာနိုင်ခဲ့တဲ့အတွက် တကယ်ကို ကောင်းပါတယ်၊" ဟု အရာရှိ Jefferson က ဆိုသည်။ "ဖြစ်ပျက်နေတဲ့ ဥတုအခြေအနေတွေနဲ့ အစစအရာရာကို စဉ်းစားကြည့်ပြီး၊ ဒီအရာဟာ ကျွန်ုပ်တို့ရဲ့ ကလေးတွေအတွက်ဖြစ်တယ်ဆိုတာ တွေးကြည့်ရုံနဲ့ တကယ်ကို လိုအပ်တဲ့အရာတစ်ခုလို့ ကျွန်တော် ထင်ပါတယ်။"

Dupree သည် 2017 တွင် McNair High အထက်တန်းကျောင်းမှ ကျောင်းပြီးမြောက်အောင်မြင်ခဲ့ပြီး၊ ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားမျှတရေး နှင့် လူထု လုံခြုံရေးအပေါ် စိတ်အားထက်သန်သူ ဖြစ်သည်။ အထက်တန်းကျောင်း ပြီးမြောက်ပြီးသည့်နောက်တွင် သူမသည် စစ်တပ်သို့ ဝင်ရောက်ခဲ့ပြီး၊ ဤအသစ်သော ရာထူးကဏ္ဍသည် သူမ၏ လူထုလုံခြုံရေးဆိုင်ရာ သက်မွေးဝမ်းကျောင်းအတွင်း ရှေ့ဆက်တိုးတက်နိုင်စေဖို့ အထောက်အကူပြုပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

"ကျွန်မက တပ်ထဲမှာ ရှစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ ပြီးတော့ အဲ့ဒီအရာကိုလည်း မြတ်နိုးပါတယ်၊ ဒါပေမဲ့လည်း ကျွန်မအနေနဲ့ ပိုမိုသိသာတဲ့ ခြားနားချက်တစ်ခုကို ပြုလုပ်လိုပြီး၊ လူတွေကို အကူအညီပေးချင်ပါတယ်၊" ဟု Kelly Lake မူလတန်းကျောင်းအား စောင့်ကြပ်ရန် တာဝန်ယူမည့် Dupree မှ ဆိုသည်။ "ဒီအခွင့်အရေးကို ရရှိတဲ့အတွက် ကျွန်မ တကယ်ကို ကျေးဇူးတင်မိပြီး၊ ကောင်းချီးရရှိတယ်လို့ ခံစားမိပါတယ်။"

Dominique Brown မှာမူ Oak View မူလတန်းကျောင်း၏ အသစ်သော ESA တစ်ဦး ဖြစ်သည်။ ၎င်းအနေနှင့် ဤအသစ်သော အလုပ်ရာထူးသည် လူထုလုံခြုံရေးနှင့်ပတ်သက်၍ ၎င်း၏ စိတ်ခွန်အားတက်ကြွဖွယ်သော သက်မွေးဝမ်းကျောင်း အစတစ်ခုအား အမှတ်အသားပြုပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

"ကျွန်တော့်အနေနဲ့ လုံခြုံရေးအပိုင်းကို ဆောင်ရွက်နေတာ နှစ်ပေါင်းများစွာ ရှိခဲ့ပါပြီ။ ကျွန်တော့်အနေနဲ့ ကလေးတွေနဲ့အတူ အရင်က အလုပ်လုပ်ခဲ့ဖူးသလို ကျွန်တော့်မှာလည်း သားသမီးတွေ ရှိပါတယ်၊" ဟု Brown မှ ဆိုသည်။ "ကျွန်တော့်အနေနဲ့ ဒီတံခါးပေါက် [လူထုလုံခြုံရေးအပိုင်း] ထဲကို ခြေချချင်ပါတယ်၊ ပြီးတော့ အဲ့ဒီကနေတစ်ဆင့် ရှေ့ဆက် ဆောင်ရွက်သွားလိုပါတယ်။"

စက်တင်ဘာလ 18 ရက်နေ့တွင် အသစ်သော ESA များသည် ၎င်းတို့၏ ရာထူးကဏ္ဍအတွက် အရေးကြီးသော သက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ထရိန်နင်သင်တန်းအား တက်ရောက်ခဲ့ကြသည်။ သင်တန်း၏ အရေးကြီးသော တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျောင်းသားများနှင့် အရွယ်ရောက်ပြီးသူများအကြား ဖြန်ဖြေရေး နည်းလမ်းများအကြောင်း သင်ယူရခြင်း ပါဝင်ပေသည်။

"ဖြန်ဖြေရေးအကြောင်း တကယ်ကို အများကြီး သင်ယူသိရှိခဲ့ရပါတယ်၊" ဟု Dupree မှ ဆိုသည်။ "မိဘတွေဟာ သူတို့ရဲ့ကလေးတွေအပေါ် ဘယ်လောက်တောင် အကာအကွယ်ပေးတတ်ကြောင်း သိရှိခဲ့ရတယ်။ ကျွန်မမှာ တူလေးတစ်ယောက် ရှိပါတယ်၊ ဒီတော့ ကျွန်မရဲ့တူလေးနဲပတ်သက်ရင် ကျွန်မ ဘယ်လိုရှိကြောင်း ကောင်းကောင်း နားလည်တယ်။ သူတို့ကို တစ်နည်းတစ်ဖုံနဲ့ အကူအညီပေးချင်တယ်၊ သူတို့ကို တည်ငြိမ်စွာ ဖြတ်သန်းနိုင်စေဖို့ ကူညီပေးချင်တယ်၊ ပြီးတော့ အကူအညီလိုအပ်တဲ့အချိန်မှာ အသင့်ရှိနေပေးချင်တယ်။"

ဤရာထူးကဏ္ဍသည် အသစ်တစ်ခုဖြစ်သော်ငြား Brown သည် ယခုအခါတွင် Oak View မူလတန်းကျောင်း၌ လှည့်လည်စောင့်ကြည့်ထိန်းသိမ်းမှုကို ဆောင်ရွက်နေလျက်ရှိပြီး၊ ထို့အပြင် ၎င်း၏ တာဝန်နှင့်ပတ်သက်၍ အပြုသဘောဆောင်သော အချင်းအရာတစ်ခုကိုလည်း တွေ့ ကြုံခဲ့ရပြီး ဖြစ်ပါသည်။

"ကလေးတွေဟာ ကျွန်တော့်ကို တော်တော်လေး ကောင်းကောင်းမွန်မွန် တုံ့ပြန်ကြတယ်၊" ဟု ၎င်းမှ ဆိုသည်။

အလားတူပင် Dupree မှလည်း Kelley Lake ရှိ ကျောင်းသားများ၊ ဆရာ၊ဆရာမများ နှင့် ဝန်ထမ်းများတို့ဖြင့် ရင်းနှီးကျွမ်းဝင်ခွင့်ရရှိသည့်အတွက် စိတ်လှုပ်ရှားမိကြောင်း ထုတ်ဖော်ဖွင့်ဟခဲ့သည်။

"ဒီအရာဟာ ကျွန်မအတွက်တော့ ပတ်ဝန်းကျင်အသစ်တစ်ခု ဖြစ်လာမှာပါ၊" ဟု သူမက ဆိုသည်။ "ကျောင်းရဲ့ ယဉ်ကျေးမှုဓလေ့ကို တွေ့ မြင်ရတာ၊ ဒ့ါအပြင် ဒီစားပွဲပေါ်ကို ကျွန်မ ဘာယူဆောင်လာပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရတာ တကယ်ကို စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။"

မူလတန်း လုံခြုံရေးဆိုင်ရာ တွဲဖက်တာဝန်ရှိသူ ရာထူးနှင့်ပတ်သက်ပြီး သင် ပိုမို လေ့လာသိရှိလိုပါသလား၊ သို့မဟုတ် ဤရာထူးတွင် တာဝန်ထမ်းဆောင်ဖို့ သင် လျှောက်ထားလိုပါသလား။ DCSD ၏ သက်မွေးဝမ်းကျောင်းဆိုင်ရာ ပေ့ဂျ်စာမျက်နှာ ဤနေရာသို့ ဝင်ရောက်ကြည့်ရှုပါ။

XXX